## ဒိုမင်နီကန်နိုင်ငံမှ အစ္စလာမ် သာသနာ



ဒိုမင်နီကန်နိုင်ငံသည် အမေရိကတိုက် အလယ်ပိုင်း ကယ်ရေဘီယန် ပင်လယ်ရပ်ဝန်းတွင် တည်ရှိ၍၊ ဟေတီနိုင်ငံနှင့် ကျွန်းတစ်ကျွန်းတည်းတွင် ရှိသော နိုင်ငံငယ် ဖြစ်သည်။





စာရင်းအင်းအရ ဒိုမင်နီကန် သမ္မတနိုင်ငံတွင် ခန့်မှန်းချေ အစ္စလာမ် သာသနာဝင်မှာ နိုင်ငံ လူဦးရေ၏ ၀.၀၂ ရာနှုန်းရှိ၍ စုစုပေါင်း လူဦးရေ ၃၀၀၀ ခန့်ရှိပေသည်။ သို့သော် စနစ်တကျ အသေးစိတ် စာရင်းကောက်ယူရန်မှာ လွန်စွာခဲယဉ်းသောကြောင့် အတိအကျ ပမာဏအား ပြုစု၍ မရပေ။ နိုင်ငံ လူဦးရေ၏ အများစုမှာ ရိုမန် ကက်သလစ် ခရစ်ယာန်များ ဖြစ်သော်လည်း မူဆလင်ကျောင်းသားများ။ ဒိုမင်နီကန် သမ္မတနိုင်ငံ အစ္စလာမ့် အဝန်း အဝိုင်းနှင့် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့တွင် အခြေစိုက်သော ဒိုမင်နီကန် သမ္မနိုင်ငံ အစ္စလာမ်မစ် စင်တာ ကဲ့သို့ ဒေသခံ အစ္စလာမ် အဖွဲ့အစည်းများက ဒိုမင်နီကန်၌ အစ္စလာမ်သာသနာ ထွန်းကားလာစေရန် ကူညီအားပေးလျက် ရှိသည်။

မကြာသေးမီမှ ဒိုမင်နီကန် သမ္မတနိုင်ငံ အစ္စလာမ့် အဝန်း အဝိုင်း၏ ခန့်မှန်းချက်အရ ဒိုမင်နီကန်တွင် မူဆလင် လူဦးရေမှာ ၃၀၀၀ ကျော်ဖြစ်လာ၍ ဒေသခံ သာသနာပြောင်းလဲမှုမှ ကောင်းမွန်တိုးတက်သော ကိန်းကဏန်းပင်ဖြစ်သည်။

ဒိုမင်နီကန် သမ္မတနိုင်ငံ အစ္စလာမ့် အဝန်းအဝိုင်းမှ ပထမဦးဆုံး အစ္စလာမ့် ဝတ်ကျောင်းတော်အား စင်တီယာဂို မြို့တော်၏ ဗဟိုအချက်အခြာကျ၍ အမျိုးသား လွှတ်တော်နှင့် သော်လည်းကောင်း အဘီရို အမေရိကန် တက္ကသိုလ်နှင့် သော်လည်းကောင်း ငါးမိနစ်ခန့် လမ်းလျှောက်ရသော နေရာ၌ တည်ဆောက်ခဲ့သည်။ ထိုနေရာသည် မြို့နေ မူဆလင်များ အလွယ်တကူ သွားလာနိုင်သော နေရာ ဖြစ်သည်။ သူတို့သည် ထိုမြေအား ရရှိရန် မြေပိုင်ရှင်ထံမှ ဝယ်ငွေနှင့် အဆောက်အဦးတည်ဆောက်ခ ကုန်ကျငွေ ပီဆို ၂.၈၅ သန်း (ဒေါ်လာ ၈ သိန်း ကျော်) သုံးစွဲခဲ့ရသည်။

ထိုဝတ်ကျောင်းတော်တွင် နေ့စဉ် ဝတ်ပြုမှု ငါးကြိမ်အတွက် ဖွင့်ထားပြီး အမျိုးသမီးနှင့် ကလေးများအတွက် စနေ၊ တနင်္ဂနွေနေ့များ၌ အစ္စလာမ့် သာသနာ ဗဟုသုတ သင်ခန်းစာများ ပို့ချသင်ကြားလျက် ရှိသည်။ သူတို့

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သည် ကုသိုလ်ဖြစ် ကျန်းမာရေး ဆေးစစ်ခန်းနှင့် ဆေးပေးခန်းကိုလည်း ဝတ်ကျောင်းတော်၏ နောက်ကျောတွင် သီးခြား အဆောက်အဦးတည် ဖွင့်ပေးထား ရှိသည်။

ယခုလောလောဆယ်တွင် စီတီယာဂိုမြို့၌ မစ္စဂျစ်ဒ့ေ အစ္စလာမ်၊ မစ္စဂျစ်ဒ့ေ မာ့ကျီ၊ မစ္စဂျေစ်ဒ့ေ အလ် နူးရ် ဟူသည့် ဝတ်ကျောင်းတော်ကြီး သုံးခုလည်း ရှိနေပြီ ဖြစ်သည်။ မစ္စဂျစ်ဒ့ေ အစ္စလာမ်နှင့် မစ္စဂျစ်ဒ့ေ မာ့ကျီ တို့သည် လူပ်ရှား လည်ပတ်မှုအားနည်းသော ဝတ်ကျောင်းတော်များ ဖြစ်၍ မစ္စဂျစ်ဒ့ေ အလ် နူးရ် သည် ထိုကျွန်းနိုင်ငံ တစ်ခုလုံးတွင် လူပ်ရှားဆောင်ရွက်မှု အများဆုံး ဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ ထိုဝတ်ကျောင်းတော်တွက် အီး’ဒ် ဆွလားသ်ဝတ်ပြုမှုများ၊ သောကြာဆွလားသ် ဝတ်ပြုမှုများ၌ လူများ ပြည့်လျှံလျှက် ရှိသည်။

ထို့အပြင် အခြားသော လို့စ်အလ်လန်နိစ် မြို့၌လည်း ဝတ်ကျောင်းတော် တစ်ဆောင် တည်ဆောက်လျှက် ရှိနေသည်။ ထိုမြို့သည် မစ္စဂျစ်ဒ့ေ အလ် နူးရ် နှင့် မီနစ်သုံးဆယ်ခန့် ခရီးအကွာအဝေးတွင် ရှိသည်။

Wiki အား မှီငြမ်း၍ ဘာသာပြန်ဆိုသည်။ (ဦးဌေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com